# ၂၆း မျက်မှောက်တော်အောက်တွင်
# ကာလအစဉ်အမြဲ နေတတ်သောအလေ့အထ

ဆာ ၁၃၉း၁-၁၂၊ ၁၇-၁၈၊ ၂၃-၂၄

အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကို စစ်ကြော၍သိတော်မူ၏။

**အကျွန်ုပ် ထိုင်ခြင်းထခြင်း အရာတို့ကို သိတော်မူ၏။**

အကျွန်ုပ် အကြံအစည်တို့ကို အဝေးကပင် နားလည် တော်မူ၏။

**အကျွန်ုပ်သွားသော လမ်းကိုလည်းကောင်း၊ အိပ်ရာကို လည်းကောင်း စစ်ဆေး၍၊ အကျွန်ုပ်ကျင့်သောအကျင့် အလုံးစုံတို့ကို ကျွမ်းတော်မူ၏။**

အကျွန်ုပ်သည် စကားတခွန်းကိုမျှ မမြွက်သော်လည်း၊ အိုထာဝရဘုရား၊ ကိုယ်တော်သည် အကြွင်းမဲ့ သိတော်မူ၏။

**ကိုယ်တော်သည် အကျွန်ုပ်ကို ပတ်လည် ဝိုင်းထား၍၊ အကျွန်ုပ်အပေါ်မှာ လက်တော်ကို တင်တော်မူပြီ။**

ထိုသို့သောဉာဏ်သည် အံ့သြဖွယ်ဖြစ်၍၊ အကျွန်ုပ် မတတ်နိုင်ပါ။ မြင့်မြတ်သည်ဖြစ်၍ အကျွန်ုပ် မမှီနိုင်ပါ။

**ဝိညာဉ်တော်နှင့် လွတ်ခြင်းအလို့ငှာ အဘယ်အရပ်သို့ သွားနိုင် ပါမည်နည်း။ မျက်နှာတော်နှင့် လွတ်ခြင်း အလို့ငှာ အဘယ်အရပ်သို့ ပြေးနိုင်ပါမည်နည်း။**

ကောင်းကင်သို့ တက်လျှင် ကိုယ်တော်ရှိတော်မူ၏။ မရဏာနိုင်ငံ၌ အိပ်ရာကို ခင်းလျှင် ကိုယ်တော် ရှိတော်မူ၏။

**နံနက် အတောင်တို့ကို ယူ၍ သမုဒ္ဒရာစွန်း၌နေလျှင်-**

ထိုအရပ်၌ပင် ကိုယ်တော်၏ လက်သည်အကျွန်ုပ်ကို ပို့ဆောင်လျက်၊ လက်ယာလက်တော်သည် ကိုင်လျက် ရှိပါလိမ့်မည်။

**အကယ်၍ မှောင်မိုက်သည် ငါ့ကို ဖုံးလွှမ်းမည်ဟု တဖန်ဆိုလျှင်၊ ညဉ့်သည်လည်း အကျွန်ုပ် ပတ်ဝန်းကျင်၌ အလင်းဖြစ်ပါလိမ့်မည်။**

အကယ်စင်စစ် မှောင်မိုက်သည် ရှေ့တော်၌ အဘယ်အရာကိုမျှ မဖုံးနိုင်ပါ။ ညဉ့်သည် နေ့ကဲ့သို့ လင်းပါ၏။ မှောင်မိုက်သဘောနှင့် အလင်းသဘောသည်တူပါ၏။

**အိုဘုရားသခင်၊ အကျွန်ုပ်၌ ကိုယ်တော်၏ အကြံအစည်တို့သည် အလွန်ထူးဆန်း ကြပါ၏။ အလွန်များပြား ကြပါ၏။**

ထိုအကြံအစည် တော်တို့ကို ရေတွက်လျှင်၊ သဲလုံးနှင့်အမျှ မက သာ၍ များပြားကြပါ၏။ အကျွန်ုပ်သည် နိုးသောအခါ ကိုယ်တော်ထံ၌အစဉ်ရှိပါ၏။

**အိုဘုရားသခင်၊ အကျွန်ုပ်ကို စစ်ကြော၍၊ အကျွန်ုပ်၏ နှလုံးကို သိမှတ်တော်မူပါ။ စုံစမ်း၍ စိတ်အထင်များ ကိုလည်း သိမှတ်တော်မူပါ။**

ဆိုးသောလမ်းသို့ အကျွန်ုပ် လိုက်သည် မလိုက်သည်ကို ကြည့်ရှု၍၊ ထာဝရ လမ်းထဲသို့ သွေးဆောင်တော်မူပါ။

၏